ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၈) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၂၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကျန်းမာရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဖွံ့ဖြိုးရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီတာဝန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ကျေးရွာပိုင်မြေနှင့် သတ္တုမိုင်းမြေအား ခွဲခြားသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကျေးရွာပိုင်မြေနှင့် သတ္တုမိုင်းမြေအား ခွဲခြားသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမြန်းသွားမယ့် မေးခွန်းကတော့ ကျေးရွာပိုင်မြေနှင့် သတ္တုမိုင်းမြေအား ခွဲခြားသတ်မှတ်ပေးပါရန်ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ်ရဲ့ သစ်ချောက်ကျေးရွာနှင့် ကျောက်အုံ ကျေးရွာတို့ဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးမရမီ ကာလမှစပြီး ကျေးရွာများအဖြစ် တည်ရှိနေခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ကျေးရွာအုပ်စုအဖြစ် တည်နေရာကို အတည်ပြုထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ယခု

သစ်ချောက်ကျေးရွာတွင်နေထိုင်သော ပြည်သူများ၏ မြေနေရာများနှင့် ကျေးရွာနယ်နိမိတ် ဟာ သတ္တုတွင်းဝန်ကြီးပိုင် မြေနေရာများ ဖြစ်နေပါတယ်။

အဲဒီလိုဖြစ်တဲ့အကြောင်းအရင်းကတော့ ၁၉၅၃ ခုနှစ်နောက်ပိုင်းမှာ သစ်ချောက်ကျေးရွာကို ကျောက်မီးသွေးမိုင်းအဖြစ် လာရောက်လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ သစ်ချောက်ကျေးရွာ ဆိုတာ ဟာ ကျွန်တော်တို့ မြန်မာပြည်မှာ ပထမဦးဆုံး ကျောက်မီးသွေး ထုတ်လုပ်ခဲ့တဲ့နေရာ ဖြစ်ပါတယ်။ ကျောက်မီးသွေး မိုင်းတည်ထောင်ရာမှာ ကျောက်မီးသွေးသတ္တုကြောတည်ရှိရာ နှင့် လွတ်ကင်းတဲ့ မြေနေရာကို Mine town plan အရ သစ်ချောက်ကျေးရွာနှင့် ကျောက်အုံ ကျေးရွာမြေနေရာများကို ပုံစံ-၁၀၅ ရယူထားတာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ သတ္တုတွင်းဝန်ကြီးဌာနမှ သစ်ချောက် ကျောက်မီးသွေးမိုင်းအား ထုတ်လုပ်မှုရပ်နားထားပြီး ဌာနပိုင်အဆောက်အအုံများလည်း အသုံးပြုခြင်း မရှိတော့ပါဘူး။ သတ္တုတွင်းဝန်ထမ်းများလည်း လုပ်ငန်းများပြောင်းရွှေ့သွားကြပြီ ဖြစ်ပါတယ်။ Mine Town Plan အရ ပုံစံ-၁၀၅ ရယူထားတဲ့ မြေနေရာများလည်း အသုံးပြုခြင်းမရှိတော့ပါဘူး။

ဒါနဲ့ပတ်သက်ပြီးကျွန်တော့်အနေနဲ့ ကျေးဇူးတင်စကားတစ်ခုပြောချင်ပါတယ်။ ယခင်က ဒါ သစ်ချောက်ကျေးရွာအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ တင်ပြတဲ့အခါမှာ ကျေးလက်ကျန်းမာ ရေးဌာန ရရှိခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ တည်ဆောက်ရေးရန်ပုံငွေလည်း ရရှိခဲ့ပါတယ်။ သို့သော်လည်းပဲ မြေနေရာမရှိခဲ့တဲ့အတွက် ဒါကို သတ္တုတွင်းဝန်ကြီးဌာနကို ပြန်လည်တင်ပြတဲ့အခါမှာ သတ္တုတွင်းဝန်ကြီးဌာနက ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာနအတွက် မြေနေရာချီးမြှင့်ခဲ့ဖူး ပါတယ်။ အခုလည်း ကျွန်တော်တို့ သစ်ချောက်ကျေးရွာဟာ နွားစွယ်ရပ်ကွက်၊ အောင်ရပ်ကွက်၊ ရွာမ ရပ်ကွက်၊ ဝါးရဲတောင်ရပ်ကွက် စတဲ့ ရပ်ကွက် (၈)ရပ်ကွက်နဲ့ ဖွဲ့စည်းထားပြီး အိမ်ခြေ(၆၀၀)ခန့်နဲ့ လူဦးရေသုံးထောင်ကျော် နေထိုင်ကြတာဖြစ်ပါတယ်။ သစ်ချောက်ကျေးရွာ (၈)ရပ်ကွက်ရဲ့ လက်ရှိမြေ ဧရိယာပုံစံအတိုင်းနှင့် ကျောက်အုံကျေးရွာ၏ လက်ရှိမြေဧရိယာ ပုံစံအတိုင်းကို အမှတ်(၃)သတ္တုတွင်း ဝန်ကြီးဌာနပိုင်မြေမှ ကျေးရွာပိုင်မြေများအဖြစ် ပုံစံ-၁၀၅ မှ ပယ်ဖျက်ပေးရန်နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကျေးရွာအုပ်စုကွင်းမြေပုံရှိသော်လည်း သတ္တုတွင်းဝန်ကြီးဌာန ကျောက်မီးသွေးလုပ်ငန်း ပိုင် မြေဧရိယာများ ဖြစ်နေခြင်းမှ ကျေးရွာပိုင် နယ်နိမိတ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးလိုက်ရင် သစ်ချောက်ကျေးရွာနေ ရွာသူ၊ ရွာသားများအားလုံး ထီပေါက်သလောက်ကို ဝမ်းသာကြမှာဖြစ်ပါ တယ်။ သူတို့မှာ နေသာနေရတာ မြေနေရာမှာ အိမ်တွေမှာ နေထိုင်ကြသော်လည်း ပိုင်ဆိုင်မှုမရှိပါဘူး။ ဒါကျွန်တော်တို့ သတ္တုတွင်းဌာနပိုင်ဖြစ်နေတဲ့အတွက် အခုသူတို့ကို ပြန်လည်ပြီးတော့ စွန့်လွှတ်ပေး လိုက်မယ်ဆိုရင် သစ်ချောက်ကျေးရွာသူ၊ ကျေးရွာသားများဟာ အလွန်ကိုဝမ်းသာအားရနဲ့ ပျော်ရွှင်နေ ကြမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား မေးမြန်းလိုသည်မှာ ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာလူနေရပ်ကွက်များအား ဌာနပိုင်ပုံစံ-၁၀၅ မှ ပယ်ဖျက်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော်ဆုတောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်ရဲ့ ရွာပိုင်မြေနှင့် သတ္တုမိုင်းမြေအား ခွဲခြားသတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ နဲ့စပ်လျဉ်းတဲ့မေးခွန်းကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန်းထွန်းအောင် မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ဒေသရဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ အကျိုးစီးပွားအတွက် ယခုလို စွမ်းစွမ်းတမံ မေးမြန်းလာတဲ့ အတွက်လည်း ကျွန်တော်တို့အနေနဲ့များစွာမှ ကျေးဇူးတင်ရှိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြား လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးပေါင်းစပ်ညှိနှိုင်းဖြေကြားထားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရဲ့ ဖြေကြားလွှာနဲ့ပေါင်းစပ်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရဲ့ ဖြေကြားလွှာမှာ ပြည်ထဲရေးနဲ့ သာသနာ ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၁၁၃) ဖြင့် ကလေးဝမြို့နယ်အား ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၆) အုပ်စုနဲ့ ကျေးရွာပေါင်း (၂၂၅)ရွာနှင့် ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအချိန်အဲဒီအခါတုန်းကတော့ ပြည်ထဲရေး ဝန်ကြီးဌာနနဲ့ သာသနာရေးဝန်ကြီးဌာနတို့ဟာ ပူးပေါင်းပြီးတော့မှ ဝန်ကြီးဌာနတစ်ခုတည်း ဖြစ်ခဲ့ ပါတယ်။ သစ်ချောက်ကျေးရွာအုပ်စုမှာ သစ်ချောက်ကျေးရွာ၊ ချောင်းကျဉ်းကျေးရွာနဲ့ ကျောက်အုံ ကျေးရွာတို့ပါဝင်ပါတယ်။ အဲဒီကျေးရွာ(၃)ရွာအနက်မှာ ချောင်းကျဉ်းကျေးရွာမှအပ ကျန်ကျေးရွာ နှစ်ရွာသည် သတ္တုတွင်းမြေ မိုင်းဧရိယာနဲ့ဆက်စပ်နေကြောင်း သိရှိရပါတယ်။ သစ်ချောက်ကျေးရွာ အုပ်စု အတွင်းမှာရှိတဲ့ အိမ်ခြေအိမ်ထောင်စုနဲ့ အကျယ်အဝန်းအားဖြင့် သစ်ချောက်ကျေးရွာသည် အိမ်ခြေ(၅၃၀)ရှိပြီးတော့မှ အိမ်ထောင်စု(၆၃၇)စု ရှိပါတယ်။ အကျယ်အဝန်းအားဖြင့် ဧက(၃၉.၂၈၀) ဧက ရှိပါတယ်။ ချောင်းကျဉ်းကျေးရွာသည် အိမ်ခြေ(၉၅) အိမ်ရှိပြီး အိမ်ထောင်စု(၉၈)စု၊ အကျယ် အဝန်းအားဖြင့် (၂၀.၀၈၅)ဧက ဖြစ်ပါတယ်။

ကျောက်အုံကျေးရွာသည် အိမ်ခြေ(၅၀)ရှိပြီး အိမ်ထောင်စု(၆၀)စု၊ အကျယ်အဝန်းအားဖြင့် ဧက(၅.၈၂၀)ဧကရှိပါတယ်။ ကလေးဝမြို့ရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်း များ၊ ကျေးရွာနေအိမ်များအတွက် မြေနေရာလုံလောက်မှုမရှိပါက သတ္တုတွင်းမြေ မိုင်းဧရိယာ များကို ကျေးရွာမြေအဖြစ်တိုးချဲ့အသုံးပြုရန် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ၎င်းတို့ဌာနပိုင် အမည်ပေါက် မြေ သတ္တုတွင်းမြေများအား စိစစ်ပြီး နိုင်ငံတော်သို့စွန့်လွှတ်ပြန်လည် အပ်နှံရမည် ဖြစ်ပါတယ်။ ထိုသို့ ပြန်လည်စွန့်လွှတ်အပ်နှံသောမြေများကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က စီမံခန့်ခွဲနိုင်

သောမြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ကျေးရွာမြေနှင့် သတ္တုတွင်း မြေမိုင်းဧရိယာခွဲခြားနိုင်ရန် လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားထားတာရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ အထက်မှာ ရှင်းလင်းဖြေကြားခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်ပါအတိုင်း ဆောင်ရွက်ပေးသွားမယ့် အစီအစဉ်ကို ကျွန်တော်ဆက်လက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းသည် ကလေးဝမြို့နယ်၊ ကလေးဝ ကျောက်မီးသွေး သတ္တုတွင်း၊ သစ်ချောက်ဒေသမှာ ကျောက်မီးသွေးအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ၁-၄-၁၉၉၉ ရက်နေ့မှ ၃၁-၃-၂၀၂၄ ခုနှစ်အထိ (၂၅)နှစ်သက်တမ်း လုပ်ပိုင်ခွင့်ဖြင့် နိုင်ငံပိုင်လုပ်ကိုင်ခဲ့ပါတယ်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်နေရာကနေပြီး ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစု ကုမ္ပဏီလီမိတက်နှင့် အဆိုပါ သစ်ချောက်ဒေသတွင် ထုတ်လုပ်မှုအပေါ် မှာခွဲဝေခံစားသည့် စနစ်ဖြင့် (၁၀)နှစ်သက်တမ်းရှိ သော ကျောက်မီးသွေးအကြီးစား ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်ကို ၄-၂-၂၀၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ကျောက်မီးသွေးအကြီးစား တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို ဒီနေ့တိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

၈-၁၂-၂၀၁၁ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၂/၂၀၁၁ ကြိမ်မြောက် အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၄-၃-၂၀၁၂ ရက်နေ့တွင် နိုင်ငံပိုင်ကလေးဝ ကျောက်မီးသွေးသတ္တုတွင်းပိုင် အဆောက်အအုံများ၊ စက်ယန္တရားများကို အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစု ကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလုပ်ကွက်အတွင်းမှာ သစ်ချောက်ကျေးရွာ(၈)ရပ်ကွက်နှင့် ကျောက်အုံကျေးရွာတို့ပါရှိပါတယ်။ ယခုမေးမြန်းချက်မတိုင်မီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညှိနှိုင်းချက်အရ ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်အနေနဲ့ ကျောက်မီးသွေးသတ္တုတွင်း ဆေးရုံအဆောက်အအုံ၊ ဆေးပေးခန်း၊ ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ် အပါအဝင်အဆောက်အအုံ (၅)လုံး၊ ဆေးရုံသုံးပရိဘောဂများ(၃၆)ခုနှင့် မြေဧရိယာ(၁.၂၈)ဧကကို စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ ၂၂-၆-၂၀၁၄ ရက်နေ့မှာ လွှဲပြောင်းပေးအပ်ခဲ့ဖူးတဲ့ သာဓကရှိခဲ့ဖူးပါတယ်။

အဲဒီအချိန်တုန်းက ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဆေးရုံ၊ ဆေးခန်း မြေနေရာ(၁.၂၈)ဧကနှင့် အဆောက်အအုံများကို ဝန်ကြီးဌာနမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့ရာမှာ သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆင့်ဆင့် ဆက်လက်တင်ပြပေးခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့က တစ်ဆင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းကျန်းမာရေးဦးစီးဌာနတို့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သစ်ချောက်ကျေးရွာ(၈)ရပ်ကွက်နှင့် ကျောက်အုံကျေးရွာတို့ကို အလားတူ လွှဲပြောင်းပေးနိုင်ရေးအတွက် ကုမ္ပဏီအနေဖြင့် ကျေးရွာရပ်ကွက်(၈)ရပ်ကွက်နှင့် ကျောက်အုံကျေးရွာမြေတို့ကိုစွန့်လွှတ်ကြောင်း ဝန်ကြီးဌာနသို့တင်ပြစေပြီး ဝန်ကြီးဌာနအနေနဲ့လည်း အထက်ပါ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းစဉ် နည်းလမ်းများအတိုင်း ကျေးရွာမြေ လွှဲပြောင်းရေးကိစ္စများကို ဆောင်ရွက်ပေး

သွားမည် ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားသော CDMA (450 MHz) ဖုန်း၏ အနာဂတ် စီမံဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားသော CDMA (450 MHz) ဖုန်း၏ အနာဂတ် စီမံဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဗိုလ်မှူးဇဝန (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝနပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဒီကနေ့ မေးမြန်းသွားမယ့် မေးခွန်းကတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားသော ဖုန်းများမှ CDMA (450 MHz) ဖုန်းရဲ့ အနာဂတ်စီမံဆောင်ရွက်မည့် အခြေအနေကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဥပဒေထုတ်ပြန်ပြီး လက်ရှိ အချိန်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့အတူ လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီကြီးနှစ်ခု ဒါ့အပြင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း MEC တို့မှလည်း မြန်မာပြည်တစ်ဝှမ်းနေရာအနှံ့အပြားတို့မှာ ဖုန်းဆင်းကတ်များကို လွယ်လင့်တကူဝယ်ယူနိုင်ရေးနဲ့ ဖုန်းဆက်သွယ်ပြောဆိုခများကိုလည်း တစ်ဖြည်းဖြည်းနဲ့ ဖြေလျှော့လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ ပြည်တွင်းမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှာ ငှားရမ်းထုတ်ပေးထားတဲ့ ဖုန်းတွေဖြစ်ကြတဲ့ GSM၊ WCDMA၊ CDMA 800 နဲ့ အခု ကျွန်တော် မေးခွန်းမှာမေးတဲ့ CDMA 450 MHz ဖုန်းများ အပါအဝင်လည်း ဖြစ်ပါတယ်ခင်ဗျား။ ဒီ CDMA 450 MHz ဖုန်း အရပ်ဒေသ အများသိတာကတော့ ကမ်းရိုးတန်းဖုန်းလို့ ခေါ်ကြပါတယ်။ ဒီဖုန်းဟာ နာဂစ်အပြီး ဆက်သွယ် ပြောဆိုနိုင်ရေးအတွက် စုစုပေါင်းအလုံးရေ (၆၂၄၈၃၁)လုံးကို ငှားရမ်းထုတ်ပေးခဲ့ပြီး ဒီနောက်ပိုင်းမှာတော့ ယနေ့ထိအတိုင် ဒီဆင်းကတ်များကို ဆက်လက် ထုတ်ပေးနိုင်ခြင်း မရှိသေးကြောင်းကို လေ့လာတွေ့ရှိရပါတယ် ခင်ဗျား။

ဒီ CDMA (450 MHz) ဖုန်းရဲ့ လှိုင်းနှုန်း Frequency ဟာ အခြားဖုန်းများထက် အကွာအဝေး ပိုမိုသုံးစွဲနိုင်တဲ့အတွက် အခြားဖုန်းများကဲ့သို့အင်တာနက်တွေ၊ ဓာတ်ပုံတွေ၊ ဗွီဒီယိုဖိုင်တွေကို Transfer မလုပ်နိုင်သော်လည်း Voice တစ်ခုအတွက် အလွန်ကောင်းမွန်တဲ့ ဖုန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဝေးလံခေါင်းပါး တဲ့အရပ်တွေမှာရော၊ ဆက်သွယ်ရေးမှာရော၊ ပြည်တွင်းရေကြောင်းကမ်းရိုးတန်း ဒေသတွေမှာပါ အင်မတန်အားကိုးရတဲ့ ဖုန်းအမျိုးအစားဖြစ်လို့နေပါတယ်ခင်ဗျား။ ဒီလိုအသုံးဝင်တဲ့ဖုန်းကို လက်ရှိ သုံးစွဲနေသူ အများအပြားဟာ ယနေ့တစ်မိနစ်ပြောဆိုခ၊ ဆက်သွယ်ခဟာ အများဖြေလျှော့နေတဲ့ အချိန်မှာတောင် တစ်မိနစ်ကို (၅၀)ကျပ်နဲ့ ဒီဖုန်းကို ပြောဆိုနေကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ယနေ့ ဖုန်းဆိုင်အသီးသီးရဲ့ ဆင်းကဒ်အသစ်တစ်ခုကို (၁၅၀၀)ကျပ်နဲ့ရောင်းချနေတဲ့ အချိန်မှာတောင် ဒီ CDMA (450 MHz) ရဲ့ အသုံးပြုပြီးကဒ်တစ်ခုကို အဆပေါင်း(၁၀၀) ဆိုလိုတာကတော့ တစ်သိန်းခွဲအထက်မှာရှိတဲ့ ဈေးနှုန်းနဲ့လူတွေဟာ ဒီကဒ်အဟောင်းကိုပဲ ဝယ်ယူသုံးစွဲနေကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်လက်ရှိငှားရမ်းအသုံးပြုနေကြတဲ့ (၆)သိန်းကျော်သောသူတို့ရဲ့ ပြည်သူတွေဟာလည်း ဒီဖုန်းနဲ့ပတ်သက်ပြီး အခြားဖုန်းတွေလိုပဲပြောဆိုခတွေ၊ ဆက်သွယ်ခတွေ လျှော့ပေးဖို့ အစီအစဉ်များရှိပါသလား၊ ထပ်ပြီးတော့ပဲ ဆင်းကဒ်အသစ်တွေ ထုတ်ပေးဖို့ အစီအစဉ်ရှိသလား။ ဒါမှမဟုတ် ပြန်ပြီးတော့ပဲ အပ်ခိုင်းတော့မှာလားဆိုတဲ့ စိတ်ပူပန်မှုတွေနဲ့ အသုံးပြုနေကြတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်း(၃)ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်း(၁)အနေနဲ့ကတော့ အခုတင်ပြပါ ဖုန်းဆင်းကဒ်များအား တာဝါတိုင်ရှိပြီးဆက်သွယ်မှု ခက်ခဲသောနေရာဒေသများသို့ ထပ်မံငှားရမ်းသုံးစွဲခွင့် ပြုရန်အစီအစဉ်ရှိ/မရှိ၊ ဒုတိယမေးခွန်း၊ လက်ရှိအသုံးပြုနေကြတဲ့ သူများအတွက် အခြားဖုန်းများကဲ့သို့ ပြောဆိုဆက်သွယ်ခနှုန်းထားများ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ တတိယမေးခွန်းအနေနဲ့ကတော့ CDMA (450 MHz) ဖုန်းနဲ့ပတ်သက်ပြီးတော့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဆက်လက်ဆောင်ရွက်မည့် အနာဂတ်အစီအမံကို သိရှိလိုခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ပဲခူးတိုင်းအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ် အပါအဝင် PCO အငှားဖုန်း၊ CDMA (450-MHz) များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးနေသည့် အခြေအနေနှင့် မည်သည့်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးနေပြီး တိုင်းအတွင်း မြို့နယ်များရှိ အငှားဖုန်းအတွက် ပေးသွင်းထားသူများအား မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က ပဲခူးတိုင်းအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ် အပါအဝင် PCO အငှားဖုန်း၊ CDMA(450-MHz) များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးနေသည့် အခြေအနေနှင့် မည်သည့်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးနေပြီး တိုင်းအတွင်း မြို့နယ်များရှိ အငှားဖုန်းအတွက် ပေးသွင်းထားသူများအား မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးသွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်များသို့ PCO အများသုံးတယ်လီဖုန်း၊ CDMA(450-MHz) များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးခြင်းအား မည်သို့ စီမံခန့်ခွဲပြီး အခြားမြို့နယ်များသို့လည်း မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးမည်ကို သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ သနပ်ပင်မြို့နယ်နဲ့ ကဝမြို့နယ် အပါအဝင် ပဲခူးတိုင်းအတွင်း CDMA(450-MHz) ဖုန်းများအား ၂၀-၁၀-၂၀၁၀ ရက်နေ့မှာ စတင်ပြီးတော့မှ ငွေပေးသွင်းပြီးတော့မှ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ စတင်ပေးသွင်းတဲ့ အချိန်မှာ ဖုန်းတစ်လုံးကို ကျွန်တော်တို့ ငွေကျပ်(၁)သိန်း ပေးသွင်းရတာဖြစ်ပြီးတော့ စတင်သုံးစွဲသည့် Bill ရဲ့ အခြေအနေမှာ မိမိသုံးစွဲတဲ့ Bill တန်ဘိုးရဲ့ (၁၀)ရာခိုင်နှုန်းကို ဝန်ဆောင်ခ ပေးဆောင်ရပြီးတော့မှာ တစ်လုံးကို (၅၀၀)ကျပ် ထပ်လောင်းပြီးတော့ Telex ဆက်သွယ်ရေးကို ပေးသွင်းသွားရတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ (၆)လပိုင်းမှာ (10)Persent ဝန်ဆောင်ခ မပေးရဘဲ ကဒ်ဖြတ်သုံးစွဲတဲ့ စနစ်ကို ပြုပြင်ပြောင်းလဲပြီးတော့မှ တစ်လကို ကျွန်တော်တို့ ဝန်ဆောင်ခ (၅၅၀၀)ပေး သွင်းပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ (၅)လပိုင်းမှာ ဝန်ဆောင်ခကို (၅၅၀၀)ကနေပြီး (၃၅၀၀)ပေးသွင်းရပြီး၊ ၂၀၁၄ ခုနှစ်မှာ ကိုယ်ပိုင်စာချုပ် ချုပ်ဆိုပြီးတော့မှ ဖုန်းတစ်လုံးကို (၈၀၀၀၀) သောင်း ကနေ၊ (၉၀၀၀၀) သောင်း Telex ထုတ်ပေးတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းအတွင်းမှာ ဖြစ်ပျက်နေတဲ့ အခြေအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဖုန်းကဒ်ဖိုးကို ကျွန်တော်တို့ ပြန်လည်ပေးဆောင်တဲ့ နေရာမှာ တချို့ ကျွန်တော်တို့ တိုင်းဆက်သွယ်ရေးကို သွားတဲ့အခါမှာ အချို့ဖုန်းများကို မိမိတို့ နာမည်စာရင်းပေးရုံနဲ့ ပြန်ထုတ်ပေးတာရှိပါတယ်။ တချို့ကို ကျွန်တော်တို့ တာဝန်ခံတဲ့ အဖွဲ့အစည်းများ တာဝန်ခံလက်မှတ်နဲ့ ပြန်ထုတ်ပေးတာရှိပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ ဘာတွေဖြစ်လာသလဲဆိုတော့ ကဒ်ကို ကျွန်တော်တို့ ဆက်သွယ်ရေးဌာနက ခေါ်ဆိုပြီးတော့မှ ပြန်ပေးတာရှိပါတယ်။ နောက်ဆုံးအဆင့်ကျတော့ ကျွန်တော်တို့ ဘာတွေ့ရသလဲဆိုတော့ ကဒ်ရော၊ လူရော ပြနိုင်မှ တကယ်လို့ ကဒ် မရှိလို့ရှိရင် ကျွန်တော်တို့ ဒဏ်ငွေအဖြစ်နဲ့ (၂၀၀၀၀)၊ (၂၀၀၀၀)တောင်မှ ကျွန်တော်တို့ သက်ဆိုင်ရာစခန်းထောက်ခံချက်၊ ကိုယ်ပိုင်ခံဝန်၊ မြို့နယ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်ကိုတောင်းဆိုလာတာ ဖြစ်ပါတယ်။

ဒီအခြေအနေတွေ ဖြစ်လာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့သုံးစွဲလာခဲ့ကြတဲ့ ပြည်သူများ၊ တစ်ဆင့် ဝယ်ယူထားရတဲ့ အဖွဲ့အစည်းများ အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ လာရောက်မေးမြန်းတာရှိပါတယ်။ ဘယ်လိုစီမံခန့်ခွဲမှုနဲ့ ဆောင်ရွက်ပေးနေတယ်။ ဘယ်လိုပြန်လည်ထုတ်ပေးနေတယ် ဆိုတာကို လာရောက်မေးမြန်းတဲ့အခါမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများက ပြန်လည်ဖြေကြားနိုင်တဲ့ အခြေအနေမရှိ

တာကို တွေ့ရပါတယ်။ ဒါဟာဘာလဲဆိုရင် ကျွန်တော်တို့ စီမံခန့်ခွဲမှုဆိုင်ရာ အခြေအနေတစ်ခုအပေါ်မှာ မူတည်ပြီးတော့မှ မတူညီလာတာကို တွေ့ရှိရတဲ့ အနေအထားကြောင့် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းအတွင်းမှာလည်း ဒီလိုပဲ သနပ်ပင်နဲ့ ကဝမြို့နယ်များကဲ့သို့ ဖြစ်ပေါ်နေတဲ့ အခြေအနေရှိတယ်လို့ သိရှိရတဲ့ အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ လက်ရှိဖြစ်ပေါ် နေသော အခြေအနေ အချက်တစ်ချက်ကို ကျွန်တော်ကို ထည့်သွင်းဆွေးနွေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ကဒ် သုံးစွဲတဲ့စနစ်ကို ကျင့်သုံးပြီးတော့မှ MPT၊ Ooredoo Myanmar Limited၊ Telenor Myanmar Limited ကျွန်တော်တို့ ဒါ (၃)မျိုး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်နဲ့ ကဝမြို့နယ်တွေမှာ ဘာတွေ့ကြုံနေရသလဲဆို Ooredoo ကဒ်များဟာလည်း ယနေ့ အချိန်အထိ ကျွန်တော်တို့ သုံးစွဲနိုင်တဲ့ အခြေအနေမရှိပါဘူး။ ကဒ်တွေ အများဆုံး ကျွန်တော်တို့ ထောင်ပေါင်း၊ သောင်းပေါင်းဝယ်ပြီးတော့ သုံးစွဲရတဲ့ အနေအထား၊ လိုင်းအားတွေ မကောင်းတဲ့ အတွက်ကြောင့်မို့လို့ အခက်အခဲတွေ ကြုံတွေ့နေရသလို၊ တယ်လီနောကလည်း ဒီ အခြေအနေ ရှိပါတယ်။ MPT ကျတော့ ကျွန်တော်တို့ လိုင်းအားကောင်းတာတော့ မှန်ပါတယ်။ သို့သော် ကျွန်တော်တို့ ထည့်သုံးရတဲ့ ကဒ်ရဲ့ ငွေကြေးသုံးစွဲမှုက ကျွန်တော်တို့ သုံးစွဲတာထက်ကို ကုန်ကျစရိတ်က ပိုများတဲ့ အတွက်ကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့ ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သုံးစွဲရတဲ့ ပြည်သူတွေအတွက် အများကြီးနစ်နာတဲ့ အတွက်ကြောင့်မို့လို့ ဆက်သွယ်ရေးဝန်ကြီးဌာန အနေနဲ့ ဒါလေး ကိုလည်း ပြန်လည်ပြီး ကုမ္ပဏီများကို သုံးသပ်သင့်ပါတယ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထည့်သွင်းပြီးတော့ ကျွန်တော်ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေကို တင်ပြပြီး ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလို၍ မေးမြန်း လိုသည်မှာ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ် အပါအဝင် ပဲခူးတိုင်းအတွင်းရှိ PCO အငှားဖုန်းများဖြစ်တဲ့ CDMA(450-MHz) များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးနေသည့် အခြေအနေနှင့် မည်သည့် စီမံခန့်ခွဲမှုဖြင့် စီမံဆောင်ရွက်ပေးနေပြီး တိုင်းအတွင်းရှိ၊ မြို့နယ်များအတွင်းရှိ အငှားဖုန်းများအတွက် ပေးသွင်းသူ များအား မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးသွားမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလို၍ မေးမြန်း အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မွန်ပြည်နယ်တွင် တယ်လီဖုန်းလိုင်းများ ကောင်းမွန်လာစေရေးအတွက် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က မွန်ပြည်နယ်တွင် တယ်လီဖုန်းလိုင်းများ ကောင်းမွန်လာစေရေးအတွက် ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေးလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ် မြို့နယ်၊ အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ အောက်ဖော်ပြပါ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မွန်ပြည်နယ်တွင် ယခုနောက်ပိုင်း တယ်လီဖုန်းဆက်သွယ် ရေး အလွန်ခက်ခဲပါသည်။ (၁၅)သိန်းတန်၊ (၅)သိန်းတန်၊ (၂)သိန်းတန်၊ (၁၅၀၀)ကျပ်တန်စသော မည်သည့် ဖုန်းဖြစ်စေ တစ်ခါထဲခေါ်ဆို၍ မရပါ။ အကြိမ်ကြိမ်ခေါ်ဆိုပါသော်လည်း မရသောကြောင့် နောက်ဆုံး လက်လျှော့လိုက်ရပါတယ်။ ဤကဲ့သို့ အရေးကြီးသောအချိန်တွင် ဖုန်းခေါ်မရတော့ အလွန်ပင် စိတ်ပျက် စရာ ဖြစ်ပါတယ်။ ထို့ကြောင့် မွန်ပြည်နယ်တွင် ဖုန်းလိုင်းများ ကောင်းမွန်လာစေရန် ပြုပြင်ဖို့ အစီအစဉ် ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးမည်ကို ပြည်သူလူထု၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြ ပါစေကြောင်း ဦးစွာပထမဆန္ဒပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါ တယ်။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝန ရဲ့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားတဲ့ ဖုန်းတွေဟာ CDMA (450 MHz) ဖုန်းရဲ့ အနာဂတ် စီမံဆောင်ရွက်မယ့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ CDMA (450 MHz) စခန်း (၃၇၃)ခုကို တည်ဆောက်တပ်ဆင်ပြီး CDMA (450 MHz) ဖုန်းအလုံးရေ(၆)သိန်းကျော်ခန့် တပ်ဆင်ပေး ထားပြီး ဖြစ်ပါတယ်။ နည်းပညာပိုင်းအရ နိုင်ငံတကာမှာ CDMA (450 MHz) စနစ်ထက် GSM, UMTS စနစ်တွေကို အသုံးပြုလာကြတာ ဖြစ်တဲ့အတွက် ရေဒီယိုစက်ပစ္စည်းများနဲ့ Handset များ ထုတ်လုပ်တဲ့အပိုင်းမှာ ရှားပါးလာတဲ့အချက်က တစ်ကြောင်း၊ International Roaming နဲ့

ပတ်သက်ပြီးတော့ ဆောင်ရွက်တဲ့အခါမှာလည်း အခက်အခဲများရှိတဲ့အတွက်ကြောင့် ကျယ်ပြန့်စွာ အသုံးပြုမှု နည်းပါးလာခြင်းကြောင့်လည်းကောင်း၊ ကျွန်တော်တို့ CDMA (450 MHz) စနစ်ကို ထပ်မံ တိုးချဲ့ပေးဖို့ အစီအစဉ်မရှိကြောင်း ဖြေကြားလိုပါတယ်။ ထို့အတူ CDMA (450 MHz) မိုဘိုင်း တယ်လီဖုန်းပြောဆိုခ နှုန်းထားများကိုလည်း လောလောဆယ် ကျွန်တော်တို့ လျှော့ချပေးဖို့ အစီအစဉ် မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုအတွက် လိုင်စင်ရယူထားတဲ့ (Operator) များဖြစ်တဲ့ Ooredoo Myanmar Limited နဲ့ Telenor Myanmar Limited တို့ ကလည်း CDMA (450 MHz) ဖုန်းတွေနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်ခြင်း မရှိကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်များမှာ ကျွန်တော်တို့ PCO အများသုံး တယ်လီဖုန်း CDMA (450 MHz) ကဒ်အတွက် ပေးသွင်းငွေတွေကို ပြန်လည်ထုတ်ပေး ခြင်းကို မည်ကဲ့သို့ စီမံခန့်ခွဲပြီး၊ တခြားမြို့နယ်များမှာလည်း မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေး မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)မှာရှိတဲ့ ကျွန်တော်တို့ CDMA (PCO) ဖုန်းတွေကို ကိုယ်ပိုင်ဖုန်းများအဖြစ် ပြောင်းလဲအသုံးပြုနိုင်ဖို့ သက်ဆိုင်ရာ တယ်လီဖုန်း ပိုင်ရှင် များထံ တယ်လီဖုန်းနဲ့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ကြိုတင်ငွေထုတ်ပေးတဲ့အခါမှာလည်း ကျွန်တော်တို့ အဓိကအားဖြင့် အချက်(၃)ချက်ကိုမူတည်ပြီးတော့ စိစစ်ဆောင်ရွက်ပေးပြီးတော့ ထုတ်ပေး နေခြင်းဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ PCO ဖုန်းတစ်လုံးမှာ တစ်လဝန်ဆောင်ခငွေ (၃၀၀၀)ကျပ် နှုန်းနဲ့ လအလိုက် တွက်ချက်ပြီးတော့ ကြွေးကျန်တွေကို ကောက်ခံပြီးတော့ လုပ်တဲ့နည်း တစ်ချက်ရှိ ပါတယ်။ ထို့အတူ တစ်ဦးချင်း လျှောက်လွှာ၊ မှတ်ပုံတင်အမှတ်၊ တယ်လီဖုန်းကဒ်များနဲ့ တစ်ခုချင်း တိုက်ဆိုင်စစ်ဆေးပြီး တော့လည်း ကျွန်တော်တို့ ထုတ်ပေးခြင်းရှိပါတယ်။ နောက် တတိယအချက်အနေနဲ့ ကနဦးတပ်ဆင်ခ (၁၅၀၀၀)ပေးသွင်းစေပြီးတော့ အသေးစိတ်စိစစ်ပြီး ကျန်ငွေများကို ပြန်လည်ထုတ်ပေး ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါတယ်။

အခုအခါမှာ သနပ်ပင်မြို့နယ်မှာ CDMA (450 PCO) ဖုန်း(၇၇)လုံးရှိတဲ့အနက် ကျွန်တော်တို့ (၁၇)လုံးသာ ကိုယ်ပိုင်ပြုလုပ်ဖို့၊ ကဝမြို့နယ်မှာ CDMA (450 PCO) ဖုန်း(၄၁)လုံးရှိတဲ့အခါမှာ (၅)လုံးကို ကိုယ်ပိုင်ပြုလုပ်ဖို့ ကျန်ရှိနေပြီးတော့ ဒီ ကျန်ရှိနေတဲ့ ဖုန်းများဟာ ဝန်ဆောင်ခကြွေး ကျန်ရှိတဲ့အနက် ဌာနကယာယီ ပိတ်ထားတဲ့ ဖုန်းတွေဖြစ်တဲ့အတွက် ဆက်သွယ်အသုံးပြုလို့မရဘူး။ ဒါကြောင့်မို့လို့ ကြိုတင်ငွေများကို ကျွန်တော်တို့ ၁၄-၇-၂၀၁၄ ရက်နေ့ကစပြီး ထုတ်ပေးခဲ့ပြီးတော့ အချိန်ကာလ သတ်မှတ်ထားခြင်းမရှိဘဲနဲ့ ဆက်လက်ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မွန်ပြည်နယ်မှာ ဖုန်းလိုင်းများ ကောင်းမွန်လာစေရေးအတွက် ပြုပြင်ပေး ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မွန်ပြည်နယ်မှာ GSM ရေဒီယိုစခန်း(၇၁)ခု၊ WCDMA စခန်း (၂၀)ခု၊ CDMA 450 ရေဒီယိုစခန်း(၁၆)ခု၊ CDMA 800 ရေဒီယိုစခန်း(၃)ခုတို့ကို တပ်ဆင်ဖွင့်လှစ်ပေးထားတာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မိုဘိုင်းရေဒီယိုစခန်းတွေကို ကျွန်တော်တို့ ဘီးလင်းမြို့နယ်မှာ စခန်း(၁)ခု၊ ချောင်းဆုံမြို့နယ်မှာ စခန်း(၂)ခု၊ ကျိုက်မရောမြို့နယ်မှာ စခန်း(၂)ခု၊ ကျိုက်ထိုမြို့နယ်မှာ စခန်း(၃)ခု၊ မော်လမြိုင်မြို့နယ်တွင် စခန်း(၇)ခု၊ မုဒုံမြို့နယ်မှာ စခန်း(၂)ခု၊ ပေါင်မြို့နယ်မှာ စခန်း(၂)ခု၊ သံဖြူဇရပ်မြို့နယ်မှာ စခန်း(၅)ခု၊ သထုံမြို့နယ်မှာ စခန်း(၁)ခု၊ ရေးမြို့နယ်မှာ စခန်း(၅)ခု၊ စုစုပေါင်း ရေဒီယိုစခန်း(၃၀)ခုကို ထပ်မံ တည်ဆောက်ပေးလျက်ရှိပြီးတော့ စက်မှုအဆောက်အအုံ၊ တာဝါ၊ ခြံစည်းရိုးစတဲ့ အခြေခံတည်ဆောက်ခြင်းလုပ်ငန်းတွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်တော်တို့ ပြီးစီးအောင် ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။

စက်တပ်ဆင်ခြင်းလုပ်ငန်းတွေကို ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဇွန်လကနေစပြီးတော့ တပ်ဆင်ပေးသွားမှာ ဖြစ်ပြီးတော့ ၂၀၁၅ အကုန်မှာ အားလုံးပြီးစီးအောင် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ တိုးတက်သုံးစွဲလာတဲ့ မိုဘိုင်းသုံးစွဲသူများ ဆက်သွယ်မှု အဆင်ပြေစေဖို့အတွက် မွန်ပြည်နယ်အတွင်းမှာ 2G စခန်းများကို 3G စနစ် ထပ်မံတပ်ဆင်ခြင်း၊ 3G စခန်းတွေကို Carrier Channel မြှင့်တင်ခြင်း၊ စခန်းသစ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှာ Nationwide Telecommunications Service Provider လိုင်စင်ရယူထားတဲ့ Ooredoo Myanmar Limited နဲ့ Telenor Myanmar Limited တို့မှ ဆက်သွယ်ရေးစနစ် တိုးတက်ကောင်းမွန်စေဖို့အတွက် မြန်မာနိုင်ငံအနှံ့အပြားမှာ ဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ Ooredoo Myanmar Limited မှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှာ တည်ဆောက်ပြီး Site (၂၃)ခုနဲ့ လျာထားပြီး Site (၂)ခု၊ ကျိုက်မရောမြို့နယ်မှာ တည်ဆောက်ပြီး Site (၁)ခု နဲ့ လျာထားပြီး Site (၄)ခု၊ သံဖြူဇရပ်မြို့နယ်မှာ တည်ဆောက်ပြီး Site (၈)ခုနဲ့ လျာထားပြီး Site (၅)ခု၊ မုဒုံမြို့နယ်မှာ တည်ဆောက်ပြီး Site (၁၁)ခုနဲ့ လျာထားပြီး Site (၃)ခု၊ ရေးမြို့နယ်မှာ တည်ဆောက်ပြီး Site (၄) ခုနဲ့ လျာထားပြီး Site (၁၃)ခု၊ သထုံမြို့နယ်မှာ တည်ဆောက်ပြီး Site (၁၄)ခုနဲ့ လျာထားပြီး Site (၂)ခု၊ ပေါင်မြို့နယ်မှာ တည်ဆောက်ပြီး Site (၁၃)ခုနဲ့ လျာထားပြီး Site (၃)ခု၊ ကျိုက်ထိုမြို့မှာ တည်ဆောက်ပြီး Site (၁၁)ခုနဲ့ ဘီးလင်းမြို့နယ်မှာ တည်ဆောက်ပြီး Site (၄)ခုနဲ့ လျာထား ပြီး Site (၃)ခု၊ ချောင်းဆုံမြို့မှာ တည်ဆောက်ပြီး Site (၂)ခုနဲ့ လျာထားပြီး (၁)ခုတို့ ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ အတွင်းမှာ Telenor Myanmar Limited က မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှာ တည်ဆောက်ပြီး Site (၇)ခုနဲ့ လျာထားပြီး Site (၁၂)ခု၊ သံဖြူဇရပ်မြို့နယ်မှာ လျာထားပြီး Site (၇)ခု၊ မုဒုံမြို့မှာ တည်ဆောက်ပြီး Site (၂)ခုနဲ့ လျာထားပြီး Site (၃)ခု၊ ရေးမြို့နယ်မှာ လျာထားပြီး Site (၈)ခု၊ သထုံမြို့မှာ တည်ဆောက်ပြီး Site (၄)ခုနဲ့ လျာထားပြီး Site (၁၀)ခု၊ ပေါင်မြို့နယ်မှာ တည်ဆောက်ပြီး Site (၃)ခုနဲ့ လျာထားပြီး Site (၁၀)ခု၊ ကျိုက်ထိုမြို့မှာ တည်ဆောက်ပြီး Site (၄)ခုနဲ့ လျာထားပြီး Site (၇)ခု၊ ဘီလင်းမြို့မှာ တည်ဆောက်ပြီး Site (၄)ခုနဲ့ လျာထားပြီး Site (၂)ခုတို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ Ooredoo Myanmar Limited နဲ့ Telenor Myanmar Limited တို့က လည်း အဆိုပါ တာဝါတိုင်များ တည်ဆောက်ထားရှိပြီး၊ တည်ဆောက်ရန် လျာထားပြီးဖြစ်တဲ့အတွက် မွန်

ပြည်နယ်ရဲ့ ဆက်သွယ်ရေးကဏ္ဍဟာ ယခင်အခြေအနေများထက် ပိုမိုကောင်းမွန်လာမှာသာ ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ□ဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၀း၅၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၀း၅၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဌ)(ဍ) (၁)(၂) (ဎ)(ဏ)(ထ)(ဒ)

၃။ (က) သူနာပြုအတတ်ပညာဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိုအပ်သော လူမှုရေးဆိုင်ရာပြုစုမှုများကို ပြည့်ဆည်း ဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေး ဆိုင်ရာပညာရပ်များလည်း ပါဝင်သည်။

(ခ) သားဖွားအတတ်ပညာဆိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မမွေးဖွားမီ ပြုစုစောင့်ရှောက်ခြင်းနှင့် မွေးဖွားစဉ်အချိန်၌ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသော မိခင်နှင့်မွေးကင်းစကလေးတို့အား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များကို ဆိုသည်။

(ဂ) သူနာပြုဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော သူနာပြု မှတ်ပုံတင်လက်မှတ်နှင့် သူနာပြုလိုင်စင်ရရှိသူကို ဆိုသည်။

(ဃ) သားဖွားဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော သားဖွားမှတ်ပုံတင်လက်မှတ်နှင့် သားဖွားလိုင်စင် ရရှိသူကိုဆိုသည်။

(င) သူနာပြုသားဖွားဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော သူနာပြုသားဖွား မှတ်ပုံတင် လက်မှတ်နှင့် သူနာပြု သားဖွား လိုင်စင် ရရှိသူကို ဆိုသည်။

(စ) မှတ်ပုံတင်ခြင်းဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ သူနာပြုနှင့်သားဖွားဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်း ရေးသွင်းခြင်းကို ဆိုသည်။

(ဆ) လိုင်စင်ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွား လိုင်စင်နှင့် သူနာပြုသားဖွားလိုင်စင်တို့ကို ဆိုသည်။

(ဇ) ကန့်သတ်လိုင်စင်ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုမှ သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု သားဖွားအတတ်ပညာကို အောင်မြင်လာသော နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု သားဖွား တစ်ဦးဦးအား သူနာပြု သို့မဟုတ် သားဖွား လုပ်ငန်းကို ဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကို ဖြစ်စေ၊ လုပ်ကိုင်နိုင်ရန် ကောင်စီက လုပ်ငန်း၊ နေရာဒေသနှင့် အချိန်ကာလတို့ကို ကန့်သတ်၍ထုတ်ပေးသော သူနာပြု ကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင်နှင့် သူနာပြုသားဖွား ကန့်သတ်လိုင်စင် တစ်မျိုးမျိုးကို ဆိုသည်။

(ဈ) သူနာပြု သားဖွားအတတ်ပညာသင်ကျောင်း ဆိုသည်မှာ သူနာပြုအတတ်ပညာကို ဖြစ်စေ၊ သားဖွားအတတ်ပညာကို ဖြစ်စေ၊ သူနာပြု သားဖွားအတတ်ပညာကို ဖြစ်စေ သင်ကြားပေးသည့် အောက်ပါတစ်ခုခုကို ဆိုသည် -

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများက ဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းက ဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီက အသိအမှတ်ပြုထားသည့် အရည်အချင်း

ပြည့်မီသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်း သို့မဟုတ် သင်တန်းကျောင်း၊

(၂) ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင် ကျောင်းတည်ထောင်ဖွင့်လှစ် သင်ကြားနိုင်ရေးအတွက် လုပ်ငန်းလိုင်စင် လျှောက်ထားချက် အပေါ် ကောင်စီ၏ စိစစ်ထောက်ခံချက်ဖြင့် အသိအမှတ်ပြုထားပြီး ဝန်ကြီးဌာနက လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်း သို့မဟုတ် သင်တန်းကျောင်း၊

(ပ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) ကောင်စီဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဆိုသည်။

(ထ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုသည်မှာ ကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကို ဆိုသည်။

(ဒ) ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ သူနာပြုနှင့် သားဖွား လုပ်ငန်းကိုသတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကြီးကြပ်ရေး အဖွဲ့အသီးသီးကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ)(ဃ) (င)(စ)(ဇ)(ဌ)(ဍ)(၁)(၂)(ပ)(ဏ) (ထ)(ဒ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၃(က)(ခ)(ဂ)(ဃ) (င)(စ)(ဇ)(ဌ)(ဍ)(၁)(၂)(ပ)(ဏ) (ထ)(ဒ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄(က)(ဃ)(စ)

၄။ (က) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေး ပြည့်မီသော သူနာပြု စုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူ တို့ ခံစားခွင့်ရရှိစေရန်၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သူနာပြုနှင့်သားဖွား အတတ်ပညာကို သူနာပြု နှင့်သားဖွားများ စဉ်ဆက် မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(စ) သူနာပြုနှင့် သားဖွားများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရာတွင် အကာအကွယ် ပေးနိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(ဃ)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)(ဃ)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅၊ အပိုဒ် ၆

၅။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆိုင်သော အစိုးရဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြား သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပုဒ်မခွဲ (ဂ)အရ တင်ပြသော ကောင်စီဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ ပါဝင်သည့် စုစုပေါင်း (၆၀) ဦး ထက် မပိုသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၇(က) (၁)(၂)(၃)(၄)(၅)(၈)(၉)(၁၂)၊ အပိုဒ် ၇(ခ)

၇။ (က) အောက်ဖော်ပြပါ သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွား ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံပြီး ပဏာမ ကောင်စီဝင်များအဖြစ် ရွေးချယ် လျာထား ရမည် -

(၁) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာနကတာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အောက်မနိမ့်သော သူနာပြုအရာရှိ — ၁ ဦး

(၂) ကျန်းမာရေးဝန်ကြီးဌာနပြည်သူ့ ကျန်းမာရေးဦးစီးဌာန က တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ ဟု ပြင်ဆင်ထားပါတယ်။ — ၁ ဦး

(၃) ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက် ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ ဟု ဖြည့်စွက်ထားပါတယ်။ — ၁ ဦး

(၄) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ပေးအပ်ခြင်းခံရသည့် သူနာပြုအရာရှိ — ၁ ဦး

(၅) သူနာပြုတက္ကသိုလ်များမှ ကထိကအဆင့်အောက်မနိမ့်သော သူနာပြုကိုယ်စားလှယ် ဟု ပြင်ဆင်ထားပါတယ်။ — ၂ ဦး

(၆) သူနာပြုသားဖွားအတတ်ပညာ သင်တန်းကျောင်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေ ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခြင်းခံရသော ကျောင်းအုပ်အဆင့်အောက်မနိမ့်သော ကိုယ်စားလှယ် ဟု ဖြည့်စွက်ထားပါတယ်။ — ၁၅ ဦး

(၇) လိုင်စင်ရသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး — ၁၅ ဦး

သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ
ကိုယ်စားပြုသူနာပြု သားဖွားကိုယ်စားလှယ်

(၁၂) အငြိမ်းစား သူနာပြု သို့မဟုတ် သားဖွား ၁၃ ဦး
သို့မဟုတ် သူနာပြုသားဖွားများအနက်မှ
သင့်လျော်သော အငြိမ်းစားကိုယ်စားလှယ်
ဟု ပြင်ဆင်ထားပါတယ်။

၇။ (ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(၃) လုပ်ငန်းတာဝန်များကို အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) သူနာပြု သားဖွားလိုင်စင်ကို လက်ဝယ် ကိုင်ဆောင်ထားသူဖြစ်ပြီး လက်ရှိလိုင်စင် သက်တမ်းတိုးမြှင့်ထားသူ ဖြစ်ရမည်။

(၅) သူနာပြုသားဖွားကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

(၆) ပြစ်ဒဏ်တစ်မျိုးမျိုးဖြင့် ထောင်ဒဏ်ကျခံ ခဲ့ရခြင်း မရှိသူ ဖြစ်ရမည်။

(၇) သူနာပြု သားဖွားလုပ်ငန်းတွင် အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(က)(၁)(၂)(၃) (၄)(၅)(၈)(၉)(၁၂)၊ အပိုဒ် ၇(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(က)(၁)(၂) (၃)(၄)(၅)(၈)(၉)(၁၂)၊ အပိုဒ် ၇(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀(ဃ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ဂ)

၁၀။ (ဃ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီ အသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် လွှဲပြောင်းပြီးသည့် အထိ တာဝန်ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဝင် တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့်နေရာအလိုက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက် ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်သည်။

၁၂။ (ဂ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀(ဃ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀(ဃ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၁၄ ခြေဆင်း၊ (ဂ)(ဃ)(စ)(ဆ)(ဋ)(ဌ) (ဍ)

၁၄။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ဂ) ပြည်တွင်း၊ ပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်း စစ်ဆေးရန် ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်း စစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) သူနာပြု၊ သားဖွား၊ သူနာပြု သားဖွားများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် အကြောင်း ပေါ်ပေါက်ပါက ကောင်စီဝင်တစ်ဦးဦးက ဦးဆောင်၍ အခြား သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကောင်စီဝင် (၃) ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက် အစီရင်ခံစာကို ကောင်စီသို့ တင်ပြစေခြင်း၊

(စ) သူနာပြုနှင့် သားဖွားများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) အစိုးရဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော အရည်အသွေး စံချိန်

စံညွှန်း သတ်မှတ်၍ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက ဝန်ကြီးဌာနသို့ အကြံပြု တင်ပြခြင်း၊

(ဋ) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်း ကိစ္စရပ်များကို ပြည်တွင်း ပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန် ထမ်းဆောင်လျက်ရှိသော သူနာပြု၊သားဖွားနှင့် သူနာပြု သားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့်သားဖွားတို့၏ ဝတ်စုံ နှင့် အဆောင်အယောင်တို့ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဍ) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့် သူနာပြု သားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့်ရာထူး အဆင့်အလိုက် သူနာပြုနှင့် သားဖွားတို့၏ဝတ်စုံနှင့် အဆောင်အယောင်များကို အသိအမှတ်ပြုခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ခြေဆင်း၊ (ဂ)(ဃ)(စ)(ဆ)(ဋ)(ဌ)(ဍ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ ခြေဆင်း၊ (ဂ)(ဃ)(စ)(ဆ)(ဋ)(ဌ)(ဍ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅(ခ)

၁၅။ (ခ) မိမိ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ငါးဦးထက် မပိုသော ကောင်စီဝင်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဝင် (၁၀) ဦး ထက်မပိုသော အောက်ဖော်ပြပါ လုပ်ငန်းကော်မတီများကို သတ်မှတ်ချက် များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၁၇(ခ)၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉ (က)(ခ)၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ)

၁၇။ (ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား ကာလသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၈။ (က) မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး ပြန်လည် မှတ်ပုံတင်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရလျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည် မှတ်ပုံတင်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်း၊ စိစစ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည်။

၁၉။ (က) ပုဒ်မ၁၆၊ ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်လက်မှတ် ရရှိသူသည် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွား အတတ်ပညာဖြင့် ဖြစ်စေ၊ သူနာပြုသားဖွား အတတ်ပညာဖြင့် ဖြစ်စေ လုပ်ကိုင်လိုပါက သက်ဆိုင်ရာ လိုင်စင်ကို ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက် များနှင့် အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး

လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင်ကို ထုတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

၂၀။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ် ရရှိသော နိုင်ငံသားသည် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ် ပညာဖြင့် ဖြစ်စေ၊ သူနာပြု သားဖွား အတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက လိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရလျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာ လိုင်စင်ကို စည်းကမ်းချက်များသတ်မှတ်၍ ထုတ်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

၂၁။ (က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ် ရရှိသော နိုင်ငံခြားသားသည် သူနာပြုအတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြု သားဖွား အတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက ကန့်သတ်လိုင်စင် ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား ကန့်သတ်လိုင်စင်ကို စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည်။

၂၂။ (က) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလ သတ်မှတ်၍ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူသည် သတ်မှတ်ချက်များနှင့်အညီ လိုင်စင် ထုတ်ပေးရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးခြင်း ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(ခ)၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉(က)(ခ)၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(ခ)၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉ (က)(ခ)၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(က)(ခ)(ဂ) (ဃ)(င)(ဆ)(ဇ)

အခန်း(၈)

လိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၂၅။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ သက်တမ်းအတွင်း သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွား အတတ်ပညာဖြင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့် ရှိသည်။

( ခ ) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

( ဂ ) သားဖွားလိုင်စင် ရရှိပြီးသူသည် သူနာပြု သင်တန်း တက်ရောက်အောင်မြင်ပြီးပါက သားဖွားလိုင်စင်ကို ပြန်လည်အပ်နှံပြီး သူနာပြု သားဖွားမှတ်ပုံတင်နှင့် လိုင်စင်ကို လျှောက်ထားနိုင်သည်။

(ဃ) သူနာပြု၊ သားဖွားနှင့် သူနာပြု သားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြု၊ သားဖွားနှင့် သူနာပြု သားဖွားလိုင်စင် ရရှိပြီးနောက်ဖြစ်စေ၊ ပြည်တွင်းမှ သော် လည်းကောင်း၊ ပြည်ပမှ သော် လည်းကောင်း၊ သူနာပြု၊ သားဖွား၊ သူနာပြုသားဖွား နှင့် စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်စသည်တို့ကို ထပ်မံရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

( င ) သူနာပြုနှင့် သားဖွား ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်း စောင့်စည်းရမည့်အပြင် မိမိ၏သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(ဆ) လိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၇ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်နှင့် အညီ အယူခံခွင့် ရှိသည်။

( ဇ ) လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီ၏ စီမံခန့်ခွဲရေး ဆိုင်ရာဆုံးဖြတ်ချက်ကို အယူခံပါက ဝန်ကြီးဌာန၏ အယူခံဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ လိုင်စင်ကို ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈) အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(က)(ခ)(ဂ)(ဃ)(င) (ဆ)(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈) အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(က)(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း(၉) အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၆

အခန်း(၉)

ကန့်သတ်လိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၂၆။ ကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေ အခန်း(၈)ပါ လိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များကို လိုက်နာဆောင်ရွက် ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉) အခန်း ခေါင်းစဉ်၊ အပိုဒ်၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉) အခန်း ခေါင်းစဉ်၊ အပိုဒ်၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂၇(က)(၄)(ခ)

၂၇။ ကောင်စီသည် -

(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို သော် လည်းကောင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို

သော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုသူအားအောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ် ချက် တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(၄) မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ် လိုင်စင် ပယ်ဖျက်ခြင်း။

(ခ) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိ သူက ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူ၏မှတ်ပုံတင် လက်မှတ်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇(က)(၄)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇(က)(၄)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀

၂၈။ ကောင်စီကချမှတ်သည့် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည် -

၂၉။ ပုဒ်မ ၂၈ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် ကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၉ အရ ချမှတ်သော ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၃၁ (က)(ခ)(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ (ခ)

၃၁။ (က) လုပ်ငန်းလိုင်စင်ရရှိရန် ကောင်စီမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရ မည်။

(ခ) မိမိဖွင့်လှစ်မည့် သင်တန်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီရေးဆွဲ၍ သတ်မှတ်ထားသော ဝန်ဆောင်ခ ပေးသွင်းပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် ကောင်စီသို့ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

(ဂ) လုပ်ငန်းအရည်အသွေး မြှင့်တင်ရေးဆိုင်ရာ သီးသန့် အချိန်တို သင်တန်းများကို ဖွင့်လှစ်လိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြရမည်ဟု ဖြည့်စွက်ထားပါတယ်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁ ပုဒ်မခွဲ(ခ) ပါ တင်ပြချက်အရ ပုဂ္ဂလိကသူနာပြု သားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုရန် သင့်/မသင့် သဘောထားမှတ်ချက်ကို ဝန်ကြီးဌာနနှင့် လျှောက်ထားသူထံသို့ ပြန်ကြားရမည်။ ခွင့်ပြုပါက အသိအမှတ်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီး ဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၃၂အရ ကောင်စီက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပါက ပုဂ္ဂလိကသူနာပြု သားဖွား အတတ် ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ လုပ်ငန်းလိုင်စင် ဆိုင်ရာ စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ လုပ်ငန်း လိုင်စင်ကြေး ပေးသွင်းစေခြင်းပြုပြီး လုပ်ငန်း လိုင်စင် ထုတ်ပေးရမည်။

၃၄။ (ခ) လေ့ကျင့်သင်ကြားရေးအတွက် လိုအပ်ချက်များ၊ သင်ကြားသည့် သင်ရိုးညွှန်းတမ်းများ၊ ကျောင်းဝင်ခွင့် အရည်အချင်းများ၊ သင်ကြားမှုစနစ်များ၊ သင်ကြားပို့ချသူများ၏ အရည်အချင်းများ၊ သင်ကြားရေး အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် စာမေးပွဲ စစ်ဆေးကျင်းပမှုများ စသည်တို့နှင့် စပ်လျဉ်း၍ ကောင်စီ၏ တာဝန်ပေးအပ်ချက်အရ သူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှု အကဲဖြတ်ရေး လုပ်ငန်းကော်မတီ၏ အခါအားလျော်စွာ စစ်ဆေးမှုကိုခံယူပြီး ယင်းလုပ်ငန်းကော်မတီကို လိုအပ်သော အကူအညီများ ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၁(က)(ခ)(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ (ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁ (က)(ခ)(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃၅

၃၅။ မည်သူမျှ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြု၊ သားဖွား၊ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄၃ (ဂ)၊ အပိုဒ် ၅၂ (က)(ခ)

၄၃။ (ဂ) ချက်ချင်းအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားစေရန် ငွေစုဘဏ်တွင် အပ်နှံစုဆောင်းနိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၃ (ဂ)၊ အပိုဒ် ၅၂ (က)(ခ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၃ (ဂ)၊ အပိုဒ် ၅၂ (က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အခန်း ၉ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၅(ဂ)(င)(ဆ)၊ အခန်း ၁၀ တို့ကို ပြည်သူ့လွှတ်တော် က ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၅၂ ကို အပိုဒ် ၂ အဖြစ် လည်းကောင်း၊ အခန်း ၁၁ ကို အခန်း ၉ အဖြစ်လည်းကောင်း၊ အခန်း ၁၂ ကို အခန်း ၁၀ အဖြစ်လည်းကောင်း၊ အခန်း ၁၅ ကို အခန်း ၁၃ အဖြစ်လည်းကောင်း၊ အခန်း ၁၆ ကို အခန်း ၁၄ အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၁း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]